# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၀ ) ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဆေးလိပ်သောက်ခြင်းအတွက် ကြီးလေးသောပြစ်ဒဏ်များ ချမှတ်နိုင်ရန် Hong Kong က အဆိုပြု တင်သွင်းရန်ကြိုးပမ်း | ၂ - ၃ |
| ၂။ | ကင်ညာနိုင်ငံ၏ ၂၀၂၇ခုနှစ် ရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒနယ်နယ်နိမိတ်များ ပြန်လည်သတ်မှတ်ရန် တရားရုံး၌ကြိုးပမ်းမှုကို ရွေးကောက်ပွဲကော်မရှင်က ပြန်လည်ကန့်ကွက်ခြင်း | ၄ - ၆ |
| ၃။ | အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် United Nations ၏ ထုတ်ပြန်ကြေငြာချက် | ၇ - ၉ |
| ၄။ | ခွင့်ပြုချက်မရှိသူက ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါး အမှုကို ပြန်လည်စစ်ဆေးရန် မလေးရှားအယူခံတရားရုံး ဆုံးဖြတ်ခြင်း | ၁၀-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၀ ) ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်

## ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဆေးလိပ်သောက်ခြင်းအတွက် ကြီးလေးသောပြစ်ဒဏ်များ ချမှတ်နိုင်ရန် Hong Kong က အဆိုပြုတင်သွင်းရန်ကြိုးပမ်း

Hong Kong အစိုးရ၏ Labour Bureau က တည်ဆဲလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေများ ပိုမိုခိုင်မာတိကျမှုရှိစေရန်နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ မည်သည့်နေရာတွင်မဆို ဆေးလိပ်သောက်ခြင်းကို လုံးဝတားမြစ်ရန်ရည်ရွယ်သည့် အဆိုပြုချက်များပါဝင်သော မူကြမ်း တစ်ရပ်ကို တင်သွင်းရန် ကြိုးပမ်းနေကြောင်း သိရှိရသည်။

အဆိုပြုချက်အရ “လုပ်ငန်းခွင်တွင် ဆေးလိပ်မသောက်ရ”စည်းကမ်းကို ချိုးဖောက်သော အလုပ်သမားများအား ဒဏ်ကြေးငွေ ဟောင်ကောင်ဒေါ်လာ ၃,၀၀၀ ချမှတ်နိုင်မည့်အပြင် ဆေးလိပ် သောက်မှုကို တားဆီးထိန်းချုပ်ရန်ပျက်ကွက်သော ကန်ထရိုက်တာများအပေါ်တွင်လည်း ဒဏ်ကြေးငွေ ဟောင်ကောင်ဒေါ်လာ ၄၀၀,၀၀၀ အထိ ချမှတ်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် မီးလောင်မှုအန္တရာယ်မြင့်မားသော အခြေအနေများဖြစ်သည့် ဥပမာအားဖြင့် မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ဆေးလိပ်သောက်ခြင်းကဲ့သို့ ပြင်းထန်သည့်ချိုးဖောက်မှု များတွင် အလုပ်သမားများသည် ဒဏ်ကြေးငွေ ဟောင်ကောင်ဒေါ်လာ ၁၅၀,၀၀၀ နှင့် ထောင်ဒဏ် ၆ လ အထိ ချမှတ်ခံရနိုင်ပြီး လုပ်ငန်းပိုင်ရှင်များကိုလည်း ဒဏ်ကြေးငွေ ဟောင်ကောင်ဒေါ်လာ ၃သန်း ချမှတ်နိုင်သည့်အပြင် ယင်းနှင့်တူညီသော ထောင်ဒဏ်ကာလကိုလည်း ချမှတ်နိုင်ကြောင်း သိရှိ ရသည်။

ပြီးခဲ့သည့်နိုဝင်ဘာလက Tai Po တွင် ဖြစ်ပွားခဲ့သည့် လူ ၁၆၈ ဦး သေဆုံးစေခဲ့ပြီး လူပေါင်း ၅,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သော မီးလောင်မှုကြီးဖြစ်ပွားပြီးနောက် အဆိုပြုပြင်ဆင်ချက်များ သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေများ ပြုပြင်ပြောင်းလဲရေးတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်လာမည်ဖြစ်သည်။ အဆိုပါမီးလောင်မှုသည် ဆေးလိပ်မီးကြောင့်

မီးလောင်လွယ်သောပစ္စည်းများကို မီးစွဲခြင်းကြောင့်ဖြစ်နိုင်ကြောင်း စုံစမ်းစစ်ဆေးမှုများတွင် ဖော်ပြထားသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ အတွင်းအပြင်နေရာအားလုံးကို ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်သည့်ပြဋ္ဌာန်းချက်တစ်ရပ်ပါဝင်သော အဆိုပြုချက်ကို လာမည့်အပတ်တနင်္လာနေ့၌ လွှတ်တော်အဖွဲ့အစည်းတွင် ဆွေးနွေးမည်ဖြစ်ပြီး၊ ယခုနှစ်အလယ်ပိုင်းတွင် ဥပဒေအဖြစ် တင်သွင်းနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ဥပဒေဘာသာပြန်ဌာနခွဲ<br>
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.scmp.com/news/hong-kong/society/article/3347656/hong-kong-proposes-heavy-penalties-smoking-construction-sites

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၀ ) ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်

## ကင်ညာနိုင်ငံ၏ ၂၀၂၇ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒနယ် နယ်နိမိတ်များပြန်လည်သတ်မှတ်ရန် တရားရုံး၌ ကြိုးပမ်းမှုကို ရွေးကောက်ပွဲကော်မရှင်က ပြန်လည်ကန့်ကွက်ခြင်း

ကင်ညာနိုင်ငံ၏ လွတ်လပ်သောရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေး ရွေးကောက်ပွဲကော်မရှင်(ရွေးကောက်ပွဲကော်မရှင်)က ၂၀၂၇ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒနယ် နယ်နိမိတ်များ ပြန်လည်သတ်မှတ်ရန် အတင်းအကြပ်ကြိုးပမ်းနေသော ရှေ့နေ Felix Kitonနှင့် အခြားသူများ တင်ပြထားသည့် လျှောက်ထားချက်ကို ပယ်ချပေးရန် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် တရားရုံးချုပ်သို့ တင်ပြခဲ့ပါသည်။ ထိုအရာကြောင့် ကိုယ်စားပြုမှုနှင့် ရွေးကောက်ပွဲပြင်ဆင်မှုများနှင့် စပ်လျဉ်းသည့် ဥပဒေနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ ပိုမိုပြင်းထန်ခဲ့သည်။

နောင်လာမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒနယ်နှင့် ရပ်ကွက်နယ်နိမိတ်များကို ကျယ်ကျယ်ပြန့်ပြန့်ပြန်လည်သုံးသပ်မည် မဟုတ်ဟုဆိုသည့် ရွေးကောက်ပွဲကော်မရှင်၏ ရပ်တည်ချက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးမှုတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်တွင် ရွေးကောက်ပွဲကော်မရှင်က ထိုလုပ်ငန်းစဉ်ကို အဆင့်လိုက်ဆောင်ရွက်မည်ဟုဆိုပြီး အရေးကြီးသော နယ်နိမိတ် ပြန်လည်သတ်မှတ်မှုကို ရွေးကောက်ပွဲပြီးမှသာ ပြုလုပ်မည်ဟု ပြောကြားခဲ့သည်။

မဲဆန္ဒနယ် နယ်နိမိတ်ပြန်လည်သတ်မှတ်ခြင်းဆိုသည်မှာ လူဦးရေပြောင်းလဲမှုများအလိုက် တရားမျှတသောကိုယ်စားပြုမှုရရှိစေရန် မဲဆန္ဒနယ်နှင့် ရပ်ကွက်နယ်နိမိတ်များကို အခါအားလျော်စွာ ပြန်လည်ရေးဆွဲခြင်းကိုဆိုလိုသည်။ကင်ညာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၉ တွင် ရွေးကောက်ပွဲကော်မရှင်သည် ၈ နှစ်မှ ၁၂ နှစ်ကြား ကာလများအတွင်း တစ်ကြိမ် နယ်နိမိတ်များကို ပြန်လည်သုံးသပ်ရမည်ဟုပြဋ္ဌာန်းထားပြီး နောက်ဆုံးအကြိမ် မဲဆန္ဒနယ်နယ်နိမိတ် ပြန်လည်သတ်မှတ်ခြင်းကို ၂၀၁၃ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ ၂၀၁၂ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ထိုအချိန်မှစ၍ လူဦးရေပြောင်းလဲမှုများ၊ အထူးသဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ကြီးများတွင် လူဦးရေတိုးတက်မှုကြောင့် နယ်နိမိတ်များကို ပြန်လည်သုံးသပ်ရန် လိုအပ်လျက်ရှိပါသည်။

သို့ရာတွင် လူဦးရေသန်းခေါင်စာရင်း အချက်အလက်များ၊ ရွေးကောက်ပွဲကော်မရှင်အတွင်း အဖွဲ့အစည်း မတည်ငြိမ်မှုများ၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာအငြင်းပွားမှုများကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပြီး ယင်း နှောင့်နှေးမှုများသည် ၂၀၂၇ ရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒနယ် နယ်နိမိတ် ပြန်လည်သတ်မှတ်ခြင်းကို ဆောင်ရွက်ရန် အခက်အခဲများဖြစ်ပေါ်ခဲ့ပါသည်။သာမာန်အားဖြင့် လုပ်ထုံးလုပ်နည်းတစ်ရပ်မှ အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာတစ်ရပ်အဖြစ်သို့ ပြောင်းလဲသွားစေပါသည်။

ရွေးကောက်ပွဲကော်မရှင်က တင်သွင်းသောကန့်ကွက်လွှာတွင် ၂၀၂၇ ခုနှစ်မတိုင်မီ မဲဆန္ဒနယ် နယ်နိမိတ်ပြန်လည်သုံးသပ်ရန် တောင်းဆိုထားသည့် လျှောက်ထားချက်သည် ဥပဒေနှင့်မညီညွတ် သည့်အပြင် လက်ရှိအချိန်ကာလအတွင်း ဆောင်ရွက်ရန်လည်း မဖြစ်နိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် မဲဆန္ဒနယ် နယ်နိမိတ် ပြန်လည်သုံးသပ်ခြင်းသည် အနည်းဆုံး ၂ နှစ်ကြာပြီး အထွေထွေ ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး ၁၂ လ ကြိုတင်ပြီးစီးရမည်ဖြစ်ကြောင်း၊ ဥပဒေအရ မှန်ကန်သော လူဦးရေစာရင်းအချက်အလက် မရှိပါက မဲဆန္ဒနယ် နယ်နိမိတ်ပြန်လည်သတ်မှတ်မှုက တရားရုံးတွင် ပယ်ချခံရနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များမရှိခြင်းကြောင့် မူဝါဒဆုံးဖြတ်ချက်များနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ရပ်တန့်သွား ခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့ပါသည်။

သို့ပါ၍ ယခုအမှုသည် အဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ရန်ခက်ခဲသောပြဿနာတစ်ရပ် ဖြစ်ခဲ့ပါ သည်။တစ်ဖက်တွင် ရွေးကောက်ပွဲကော်မရှင်ကို အလျင်စလို မဲဆန္ဒနယ် နယ်နိမိတ် ပြန်လည် သတ်မှတ်ရန် တိုက်တွန်းခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုများကို အနှောင့်အယှက်ဖြစ်စေ နိုင်ပြီး ဥပဒေရေးရာစိန်ခေါ်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။တစ်ဖက်တွင်လည်း ၂၀၂၇ ခုနှစ် ရွေးကောက်ပွဲကို ယခင်မဲဆန္ဒနယ် နယ်နိမိတ်များအတိုင်း ဆက်လက်ပြုလုပ်ပါက ကိုယ်စားပြုမှု မညီမျှမှုများဖြစ်ပေါ်နိုင်ပြီး ရွေးကောက်ပွဲအလွန် အငြင်းပွားမှုများဖြစ်ပေါ်နိုင်ပါသည်။

ယခုအချိန်တွင် ရွေးကောက်ပွဲကော်မရှင်၏ကန့်ကွက်မှုသည် တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ဆောလျင်စွာရရှိရန် ရည်ရွယ်ပြီး နောင်လာမည့်ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော အရာများကို ရှောင်ရှားရန် ဖြစ်နိုင်ပါသည်။

၂၀၂၇ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒနယ် နယ်နိမိတ်များ ပြန်လည်သတ်မှတ်ရန် တရားရုံးချုပ်တွင် လျှောက်ထားသည့် ယခုအမှုသည် ၂၀၂၇ ခုနှစ်မတိုင်မီ ကင်ညာနိုင်ငံ၏ ရွေးကောက်ပွဲနယ်မြေများသတ်မှတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချိန်ကာလသတ်မှတ်ချက်များနှင့် လက်တွေ့ဆောင်ရွက်နိုင်မှုများအနက် ဦးစားပေးဆောင်ရွက်ရမည့်အချက်ကို တရားရုံးကသာ ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ ကင်ညာနိုင်ငံသားများအကြား အမြင်မတူညီမှုများရှိနေသည့်အချိန်တွင် တရားရုံး၏ ဆုံးဖြတ်ချက်သည် မည်သည့်ဘက်အား အလေးပေးမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်-

https://www.jurist.org/news/2026/03/kenya-dispatch-electoral-commission-pushes-back-against-court-bid-to-force-boundary-review-before-2027-polls/

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် United Nations ၏ ထုတ်ပြန်ကြေငြာချက်

၂၀၂၆ မတ်လ ၈ ရက်၊ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် UN Women က ကမ္ဘာလုံးဆိုင်ရာအသိပေးချက်တစ်ခု ထုတ်ပြန်ခဲ့ပါသည်။အဆိုပါထုတ်ပြန်ချက်တွင် ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးများသည် အမျိုးသားများနှင့်နှိုင်းယှဉ်ပါက ဥပဒေဆိုင်ရာအခွင့်အရေးများ၏ ၆၄ ရာခိုင်နှုန်းကိုသာ ခံစားခွင့်ရရှိသေးကြောင်း၊ လက်ရှိအချိန်ထိ ကမ္ဘာ့နိုင်ငံအချို့တွင် အမျိုးသမီးများ၏ အလုပ်လုပ်ပိုင်ခွင့်၊ ခရီးသွားလာခွင့်၊ အကြမ်းဖက်မှုမှ အကာအကွယ်ရပိုင်ခွင့် စသည့်အခွင့်အရေးများကို တားမြစ်သည့် ဥပဒေများစွာ ရှိနေဆဲဖြစ်ကြောင်း၊ ဥပဒေဆိုင်ရာအခွင့်အရေး အပြည့်အဝမရရှိနိုင်ခြင်းကြောင့် အမျိုးသမီးများသည် နိုင်ငံ့အရေး၊မူဝါဒများနှင့်ပက်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းနည်းပါးလျက်ရှိနေသေးကြောင်း၊

United Nations Secretary-General ၏ “Ensuring and Strengthening Access to Justice for All Women and Girls” ခေါင်းစဉ်ဖြင့် အစီရင်ခံစာအရ ကမ္ဘာ့နိုင်ငံများအနက် ၅၄ ရာခိုင်နှုန်းသော နိုင်ငံများတွင် မုဒိမ်းမှု(Rape)ကို သဘောတူခွင့်ပြုချက်(consent)ပေါ် အခြေခံ၍ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် အမျိုးသမီးတစ်ဦး အဓမ္မပြုကျင့်ခံရသော်လည်း ဥပဒေက ယင်းသို့ အဓမ္မပြုကျင့်ခံရမှုကို ပြစ်မှုအနေဖြင့် သတ်မှတ်မခံရသည့် သဘောသက်ရောက်နေကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံများ၏ ၄ ပုံ ၃ ပုံတွင် မိန်းကလေးများကို ဥပဒေအရ အတင်းအဓမ္မအိမ်ထောင်ပြုရန် စေခိုင်းခွင့် ရှိနေသေးကြောင်း၊ ၄၄ ရာခိုင်နှုန်းသော နိုင်ငံများတွင်လည်း အမျိုးသမီးများအတွက် အလုပ်တန်ဖိုးတူလျှင် အမျိုးသားများနှင့်တန်းတူ လစာတူညီပေးရန် သတ်မှတ်သည့် ဥပဒေမရှိသည့်အတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်တူညီသော အလုပ်ပမာဏကို လုပ်ဆောင်ရသော်လည်း လစာလျော့နည်း၍ရရှိခြင်းကို ဥပဒေက ခွင့်ပြုထားသကဲ့သို့ ဖြစ်နေကြောင်း၊

UN Women၏ Executive Director Sima Bahous က “အမျိုးသမီးနှင့်ကလေးငယ်များအတွက် တရားမျှတမှု၏ အကျိုးကျေးဇူးကို လျော့နည်းခံစားရစေခြင်းသည် တရားဥပဒေစိုးမိုးမှု

အပေါ် လူထုတစ်ရပ်လုံး၏ ယုံကြည်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေနိုင်ကြောင်း၊ အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူညီမျှ အခွင့်အရေးရှိစေခြင်းဆိုသည့် လူ့အခွင့်အရေးစံနှုန်းကို တရားရုံးများတွင်သာမက ဖွံ့ဖြိုးတိုးတက်လာသည့် အွန်လိုင်းကမ္ဘာတွင်ပါ လိုက်နာရန်ပျက်ကွက်လျက်ရှိကြောင်း၊ လက်ရှိတွင် အွန်လိုင်းမှတစ်ဆင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ(Digital Violence against Women and Girls)ကို ပိုမိုကြုံတွေ့လာရပြီး အပြစ်မရှိဟု မှတ်ယူသည့် အခြေအနေများလည်းရှိသဖြင့် တရားစွဲဆိုခြင်း မပြုနိုင်သည့် အခြေအနေများဖြစ်ပေါ်နေကြောင်း၊ ဒါ့အပြင် လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့်စစ်ပွဲများအကြား အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုဖြစ်ပွားလျက်ရှိသဖြင့် လွန်ခဲ့သော ၂ နှစ်အတွင်း တင်ပြခဲ့သောအစီရင်ခံစာများအရ အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှု ၈၇ ရာခိုင်နှုန်း တိုးပွားလာကြောင်း၊ လူမှုအသိုင်းအဝိုင်းရှိ ခွဲခြားဆက်ဆံခြင်းဆိုင်ရာ လူမှုစံနှုန်းများ၊ နစ်နာသူ/သက်သေကို ပြစ်တင်ရှုံ့ချခြင်း၊ ဖိအားပေးခြင်းတို့ကြောင့် ကျူးလွန်ခံရသူများ၏ နစ်နာမှုအတွက် နှုတ်ဆိတ်စေပြီး တရားမျှတမှုကို မျက်ကွယ်ပြုရာရောက်ကြောင်း၊ ထို့ပြင် အမျိုးသမီးများ၏တရားမျှတမှုရပိုင်ခွင့်(Women’s access to Justice)အတွက်အမျိုးသမီးများကို အကာအကွယ်ပေးထားသည့် အဖွဲ့အစည်းများအပေါ် အများပြည်သူ၏ယုံကြည်မှုလျော့ပါးစေကြောင်း၊ ယင်းအချက်များကြောင့် ဥပဒေရှိခြင်းဖြင့် လုံလောက်မှုမရှိကြောင်း၊

၂၀၂၆ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် “Rights. Justice. Action. For ALL Women and Girls” ဟု ဆောင်ပုဒ်သတ်မှတ်၍ အမျိုးသမီးများကို အကြမ်းဖက်မှုမှကာကွယ်ရန်၊ တရားဥပဒေ၏အကာအကွယ်ရပိုင်ခွင့်ကို အလေးထားရန်၊ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် တရားမျှတမှုကို ဖော်ဆောင်ပေးရန် တိုက်တွန်းခဲ့ကြောင်း၊ ယခုနှစ်တွင် ကုလသမဂ္ဂအတွင်း အမျိုးသမီးအခွင့်အရေးနှင့်စပ်လျဉ်း၍ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် Commission on the Status of Women( CSW )၏ ၇၀ ကြိမ်မြောက်အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီးအခွင့်အရေးနှင့်စပ်လျဉ်း၍ လျော့ရဲလာသည့် အကာအကွယ်ပေးမှုများကို ပြန်လည်မြှင့်တင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအား အမျိုးသမီးများဘဝလုံခြုံရေး၊ လွတ်လပ်စွာ

ပြောဆိုနေထိုင်နိုင်ရေး၊ တန်းတူညီမျှမှုရရှိရေးအတွက် အမျိုးသမီးအခွင့်အရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ရန် အထူးအလေးပေး ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

တရားမစွဲမိဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.unwomen.org/en/news-stories/press-release/2026/03/no-country-in-the-world-has-reached-full-legal-equality-for-women-and-girls

## ခွင့်ပြုချက်မရှိသူက ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါးအမှုကို ပြန်လည်စစ်ဆေးရန် မလေးရှားအယူခံတရားရုံး ဆုံးဖြတ်ခြင်း

ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်မရှိသူတစ်ဦးက မူးယစ်ဆေးဝါးအမှုတစ်ခုတွင် တရားခံဘက်မှ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် တရားခံများအပေါ် မူလရုံးမှ ချမှတ်ခဲ့သည့် ပြစ်ဒဏ်များကို ပယ်ဖျက်ပြီး အသစ်ပြန်လည်စစ်ဆေးရန် မလေးရှားနိုင်ငံ အယူခံတရားရုံး Court of Appeal က ၃-၂-၂၀၂၆ ရက်နေ့တွင် အမိန့်ချမှတ်လိုက်သည်။

မိုဟာ့ဒ် နာ့ဇ်မီ အဗ္ဗဒူလ် ရာဟင်မ်(Mohd Najmi bin Abd Rahim)နှင့် မိုဟာ့ဒ် ဇာရစ် မိုဟာ့ဒ် နော် အိုရှာလာ(Muhammad Zarif bin Mohd Noor Ajala)တို့သည် ၂၀၁၈ ခုနှစ်က နီဂရီဆင်ဘီလန် (Negeri Sembilan) ပြည်နယ်၊ နီလိုင်းမြို့ (Nilai) ရှိ စားသောက်ဆိုင်တစ်ခုတွင် မက်သာဖက်တမင်း(methamphetamine) ၇၆၈.၉ ဂရမ် ရောင်းဝယ်သည့်ကိစ္စဖြင့် ဖမ်းဆီးအရေးယူခြင်းခံခဲ့ရပြီး အန္တရာယ်ရှိမူးယစ်ဆေးဝါးဥပဒေ(Dangerous Drugs Act 1952)ဖြင့် တရားစွဲဆိုခြင်းခံရကာ ထောင်ဒဏ်နှစ်(၃၀)စီ ကျခံစေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။ ထို့ပြင် မိုဟာ့ဒ်နာ့ဇ်မီသည် မက်သာဖက်တမင်း ၁၃.၁၁ ဂရမ် ပိုင်ဆိုင်မှုအတွက် ထောင်ဒဏ် နှစ်နှစ်နှင့် ကြိမ်ဒဏ်သုံးချက် ထပ်မံချမှတ်ခံခဲ့ရပြီး ယင်းပြစ်ဒဏ်များအားလုံးအတွက် အယူခံဝင်ရောက်စဉ် နာ့ဇ်မီဘက်မှ လိုက်ပါဆောင်ရွက်သူသည် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့်မရှိသူဖြစ်ကြောင်းကို အယူခံတရားရုံးက ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

တရားသူကြီးဒါတွတ်အဇ်မီအရီဖင်(Datuk Azmi Ariffin)၊ ဒါတွတ် နိုရင်း ဘာဒရူဒင်း (Datuk Noorin Badaruddin)နှင့် ဒါတွတ် မိုဟာ့ဒ် ရာဇီ အဗ္ဗဒူလ် ဟာမစ် (Datuk Mohd Radzi Abdul Hamid) တို့ပါဝင်သည့် အယူခံတရားရုံးက အန္တရာယ်ရှိမူးယစ်ဆေးဝါးဥပဒေ အရ စွဲဆိုခံရသော မိုဟာ့ဒ်နာ့ဇ်မီဘက်မှ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သူသည် ၁၉၇၆ ခုနှစ် ဥပဒေပညာရှင်အက်ဥပဒေ (Legal Profession Act 1976)အရ တရားဝင်ရပ်တည်ခွင့်မရှိသူ ဖြစ်သော်လည်း

စစ်ဆေးစီရင်မှုတစ်ခုလုံးတွင် တရားခံဘက်မှ အမှုလိုက်ပါဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တရားခံများအပေါ် ချမှတ်ခဲ့သည့်ပြစ်ဒဏ်များကို ပယ်ဖျက်ပြီး အမှုကို ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ကြောင်း ဖော်ပြထားသည်။

အယူခံတရားရုံး၏ စီရင်ချက်နှင့်ပတ်သက်၍ တရားသူကြီး အဇ်မီအရီဖင်(Datuk Azmi Ariffin)က "မိုဟာ့ဒ်နာ့ဇ်မီ၏ရှေ့နေသည် ၁၉၇၆ ခုနှစ် ဥပဒေပညာရှင်များအက်ဥပဒေ(the Legal Profession Act 1976)အရ တရားဝင်လိုက်ပါဆောင်ရွက်ခွင့်မရှိဘဲ လိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ကြောင်း၊ ထို့ကြောင့် တရားခံအား အယောင်ဆောင်ရှေ့နေ(Bogus Lawyer)မှ ကိုယ်စားပြုခြင်းသည် စစ်ဆေးစီရင်မှုတစ်ခုလုံးကို ပျက်ပြယ်စေသဖြင့် ယခုအမိန့်ကို ချမှတ်ခြင်းဖြစ်ကြောင်း၊ အယူခံတရားရုံးတွင် ပေါ်ပေါက်နေသောပြဿနာသည် ရှေ့နေလိုက်ပါသူ၏ အရည်အချင်းကြောင့် မဟုတ်ဘဲ ရှေ့နေလိုက်ပါခွင့် ရှိ မရှိဟူသော တရားဝင်မှုပြဿနာဖြစ်ကြောင်း" ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံတွင် ရှေ့နေအဖြစ် ဆောင်ရွက်သူများသည် ၁၉၇၆ ခုနှစ် ဥပဒေပညာရှင်များအက်ဥပဒေ(the Legal Profession Act 1976)ကို လိုက်နာဆောင်ရွက်ရပြီး ယင်းဥပဒေပုဒ်မ ၃၆(၁) အရ ရှေ့နေအဖြစ် ဆောင်ရွက်သူသည် ရှေ့နေအမည်စာရင်း(Roll)တွင်ပါဝင်ပြီး တရားဝင်လက်မှတ်(Practising Certificate)ရရှိထားသူ ဖြစ်ရမည်။ ထိုအချက်များ မပြည့်စုံပါက တရားမဝင်ပုဂ္ဂိုလ်(Unauthorised Person)ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။တရားမဝင်ပုဂ္ဂိုလ်သည် ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုပါက ၁၉၇၆ ခုနှစ် ဥပဒေပညာရှင်များအက်ဥပဒေ(the Legal Profession Act 1976) ပုဒ်မ ၃၇ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

မိုဟာ့ဒ်နာ့ဇ်မီ ၏ရှေ့နေသည် ၁၉၇၆ ခုနှစ် ဥပဒေပညာရှင်များအက်ဥပဒေ(the Legal Profession Act 1976)ကို ချိုးဖောက်မှုဖြင့် ယခင်နှစ်က တရားစွဲဆိုခြင်းခံရပြီး ငွေဒဏ်ချမှတ်ခြင်းခံထားရသူဖြစ်သည်။ထို့ပြင် ၎င်းရှေ့နေသည် အခြားပြစ်မှုများဖြင့်လည်း စစ်ဆေးစီရင်ခြင်းခံနေရသဖြင့် ၎င်း၏အမည်ကို စီရင်ချက်နှင့်သတင်းများတွင် ဖော်ပြထားခြင်းမရှိပါ။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၀ ) ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်

မလေးရှားရှေ့နေကောင်စီ၏ဥက္ကဋ္ဌဟောင်း ဆာလင်ဘာရှီ(Salim Bashir)၏ ပြောကြားချက်အရ ရှေ့နေကောင်စီသည် တရားဝင်လက်မှတ်သက်တမ်းမတိုးဘဲ ဆက်လက်အမှုလိုက်ပါဆောင်ရွက်သည့် ရှေ့နေစာရင်းဝင် ရှေ့နေများကိုသာ စည်းကမ်းပိုင်းအရ အရေးယူနိုင်ကြောင်း၊ အသင်းဝင်မဟုတ်သူများ(non-members)ဖြစ်သည့် အတုအယောင်ရှေ့နေများအား တိုက်ရိုက်အရေးယူပိုင်ခွင့်မရှိကြောင်း၊ အတုအယောင်ရှေ့နေများကို ရဲတပ်ဖွဲ့က ပုဒ်မ ၃၇ အရ စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့၏ ပြဋ္ဌာန်းချက်များအရ ရှေ့နေစာရင်းဝင်မဟုတ်သူ၊ တရားဝင်လက်မှတ်မရှိသူတစ်ဦးသည် တရားရုံးတွင် မည်သူ့ကိုမျှ ကိုယ်စားပြုခွင့်လုံးဝမရှိပေ။ထိုသို့သော ပုဂ္ဂိုလ်က တရားရုံးတွင် ရှေ့နေအဖြစ်ဆောင်ရွက်ခြင်း၊ ကိုယ်စားပြုခြင်းသည် ဥပဒေအရ ပြစ်မှုဖြစ်ပြီး၊ ကိုယ်စားပြုခံခဲ့ရသည့် တရားခံအတွက် စစ်ဆေးစီရင်မှုသည် ပျက်ပြယ်ကြောင်း အယူခံတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အယူခံတရားရုံး(Court of Appeal)သည် မလေးရှားနိုင်ငံ တရားစီရင်ရေးစနစ်တွင် တတိယမြောက်အမြင့်ဆုံးတရားရုံးဖြစ်ပြီး ယင်းတရားရုံး၏အမိန့်ကို ကျေနပ်မှုမရှိပါက ဖက်ဒရယ်တရားရုံး(Federal Court)တွင် ဆက်လက်အယူခံဝင်ခွင့်ရှိသည်။ ဖက်ဒရယ်တရားရုံး၏အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

အယူခံတရားရုံး၏ ဆုံးဖြတ်ချက်သည် မလေးရှားနိုင်ငံတရားစီရင်ရေးစနစ်၏ သမာသမတ်ကျမှုနှင့် တရားခံတိုင်း၏အခြေခံအခွင့်အရေးဖြစ်သည့် "အရည်အချင်းပြည့်မီသောရှေ့နေဖြင့် ကိုယ်စားပြုခံခွင့်" ကို ပိုမိုခိုင်မာစေသည့် အတုယူဖွယ်ရာ စီရင်ချက်တစ်ခု ဖြစ်သည်။

လော့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.malaymail.com/news/malaysia/2026/02/04/bogus-lawyer-taints-drug-trial-court-of-appeal-orders-fresh-hearing-for-two-friends-convicted-of-meth-trafficking/207948

https://www.freemalaysiatoday.com/category/nation/2026/02/25/bar-council-cant-act-against-bogus-lawyers-says-ex-chairman

https://thesun.my/news/malaysia-news/people-issues/court-of-appeal-orders-retrial-after-bogus-counsel-voids-drug-case/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၀ )    ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

